
Translator - Shanhtet
ဂတနာနယ်မြေအရှင်သခင်
စာစဉ်-၈

## အခန်း (၁၀၅)
## သုံးခုနှင့် တစ်ဝက်

*

ချင်ယွမ်ဖုန်းသည် သူ၏ ရှည်လျားသော ဓားကို ဆွဲထုတ်ကာ အိမ်ထဲသို့ ပြန်သိမ်းလိုက်ပြီးနောက် ချင်အိမ်တော်အတွင်းမှ ဖြည်းညင်းစွာ လှမ်းထွက်ခဲ့ချေသည်။

ချင်မင်ကျိုသည်လည်း သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချရင်း ထိုနေရာမှ ထွက်ခွာသွားခဲ့လေပြီ။

သေဘေးမှ သီသီလေး လွတ်မြောက်ခဲ့ရသော အမျိုးသမီးမှာမူ မြေပြင်ပေါ်တွင် လဲလျောင်းလျက် အသက်ကို ပြင်းပြင်းရှူနေရရှာသည်။

ဤအမှုကိစ္စများကို လုပ်ဆောင်ပြီးနောက်တွင် ချင်ယွမ်ဖုန်းသည် စိတ်ထဲတွင် များစွာ ပေါ့ပါးသွားခဲ့ပြီး ယခင်က ရှိနေခဲ့သော အုံ့မှိုင်းမှုများမှာလည်း လုံးဝ ကင်းစင်သွားခဲ့ရ၏။

သို့သော်လည်း မိမိကိုယ်ပေါ်သို့ ကောင်းကင်ဘုံသုဉ်း ' ဂူ ' အဆိပ် ခတ်ခဲ့သည့် အကြောင်းအရင်းကိုမူ သူ လုံးဝ သဲလွန်စ မရသေးပေ။

"ရှောင်လင်... ငါ့ရဲ့ အရည်အချင်းပြကွက်ကို တစ်ချက်လောက် ပြစမ်းပါဦး" ဟု ချင်ယွမ်ဖုန်းက တည်ငြိမ်စွာ ဆိုလိုက်သည်။

* သခင် : ချင်ယွမ်ဖုန်း

* အသက် : ၁၈ နှစ်

* ကျင့်စဉ်အဆင့် : စတုတ္ထအဆင့် မဟာဆရာနယ်ပယ်

* ကျင့်စဉ်ပညာရပ်များ : ဝိညာဉ်ရှာဖွေခြင်း ပညာရပ်၊ အဆိပ်တစ်သောင်း ပညာရပ်၊ မိုးတိမ်လွင့် ပညာရပ်၊ ကောင်းကင်ဘုံ သန့်စင်ခြင်း ပညာရပ်၊ အလောင်းကောင်ရုပ်သေး ပညာရပ်၊ သားရဲမီးလျှံ ယင်ယန်ပေါင်းစပ်ခြင်း ပညာရပ်၊ ဝိညာဉ်သားရဲထိန်းကျောင်းရေးပညာရပ်၊ စွမ်းအင်စုပ်ယူခြင်း မဟာပညာရပ်

* ယုံကြည်မှုတန်ဖိုး : ၃၀၀,၅၆၆

မိမိ၏ ယုံကြည်မှုတန်ဖိုးမှာ သုံးသိန်းကျော်သွားပြီဖြစ်ကြောင်း တွေ့လိုက်ရသဖြင့် ချင်ယွမ်ဖုန်း အလွန် ဝမ်းမြောက်သွားရသည်။

ယင်းက စနစ်အရောင်းဆိုင်ရှိ အသက်သာဆုံးဖြစ်သော အသိဉာဏ်ပွင့် ဆေးလုံးကို ဝယ်ယူနိုင်ပြီဟု ဆိုလိုခြင်းပင် ဖြစ်ပေ၏။

"ရှောင်လင်... ငါ့ကို အသိဉာဏ်ပွင့် ဆေးလုံးရဲ့ အာနိသင်တွေအကြောင်း ထပ်ပြောပြပါဦး"

"ဟုတ်ကဲ့ပါ သခင်... အသိဉာဏ်ပွင့် ဆေးလုံးဆိုတာ ထူးကဲသာလွန်သော နတ်ဘုရားစိုက်ပျိုးရေးစနစ်ရဲ့ ထူးခြားတဲ့ ပစ္စည်းတစ်ခုပါပဲ။ ယင်းက အသုံးပြုသူရဲ့ နားလည်နိုင်စွမ်း၊ အမြော်အမြင်၊ မှတ်ဉာဏ်နဲ့ တခြားသော ဦးနှောက်ပိုင်းဆိုင်ရာ စွမ်းရည်တွေကို တစ်နာရီကြာအောင် မြှင့်တင်ပေးနိုင်ပါတယ်" ဟု ရှောင်လင်က အေးဆေးစွာ ရှင်းပြ၏။

ချင်ယွမ်ဖုန်း ခေါင်းညိတ်လိုက်မိပြီး စမ်းသပ်ကြည့်လိုစိတ်များ ပြင်းပြလာခဲ့သည်။ "ငါ့ကို တစ်လုံးလောက် ပေးပါဦး" ဟု သူက ပြုံးလျက် ဆိုလိုက်သည်။

ဤအချိန်၌ အရောင်းဆိုင်ရှိ အသိဉာဏ်ပွင့် ဆေးလုံးများမှာ အဖြူအမည်း

မဟုတ်တော့ဘဲ လှပသော အရောင်အသွေးများဖြင့် တောက်ပနေလေပြီ။

"ဟုတ်ကဲ့ပါ သခင်။ အသိဉာဏ်ပွင့် ဆေးလုံးတစ်လုံးကို လဲလှယ်ဖို့ အတည်ပြုပါသလား"

ချင်ယွမ်ဖုန်း ခေါင်းညိတ်လိုက်ကာ "အတည်ပြုတယ်" ဟု ဆိုလိုက်သည်။

"ဆုလာဘ်ကို ထုတ်ပေးလိုက်ပါပြီ။ ဒါက သခင်ရဲ့ ပထမဆုံး ဝယ်ယူမှု ဖြစ်တာကြောင့် ဆုလာဘ်အနေနဲ့ သဘာဝ နတ်စမ်းရေ တစ်ပုလင်း ရရှိမှာ ဖြစ်ပါတယ်" ဟု ရှောင်လင်က ပြောကြားလာခဲ့သည်။

ချင်ယွမ်ဖုန်း ရယ်မောလိုက်မိသည်။ ဝယ်ယူမှုအတွက် ဆုလာဘ်များ ပြန်လည်ရရှိလိမ့်မည်ဟု သူ ထင်မထားခဲ့ပေ။ ဤစနစ်မှာ အမှန်တကယ်ပင် အသုံးပြုသူအပေါ် နားလည်မှုရှိလှပေသည်။

လက်သန်းဖျားခန့်သာရှိသော အဖြူရောင်ဆေးလုံးလေးမှာ ချင်ယွမ်ဖုန်း၏ လက်ထဲသို့ ရောက်ရှိလာခဲ့သည်။ သို့သော်လည်း သူသည် အသိဉာဏ်ပွင့် ဆေးလုံးကို ချက်ချင်း မသောက်သေးပေ။

အကြောင်းမှာ ယနေ့ညတွင် သူ လုပ်ဆောင်စရာ အခြားကိစ္စရပ်များ ရှိနေသေးသောကြောင့်ပင်။ သူသည် ဆေးလုံးကို ကျောက်စိမ်းပုလင်းငယ်ထဲသို့ ဂရုတစိုက် ထည့်သွင်းကာ သိမ်းဆည်းလိုက်သည်။

ဤအချိန်၌ မှောင်ရီပျိုးစပြုနေပြီ ဖြစ်သော်လည်း အဝေးရှိ နန်းတော်ကြီးမှာမူ မီးရောင်များဖြင့် ထိန်ထိန်လင်းလျက် ရှိနေဆဲပင်။

ထျန်းတူး ပြည်နယ်မြို့တော်သည် အင်ပါယာ မြို့တော်ဖြစ်သည့် အားလျော်စွာ နန်ဝူးမြို့ထက် များစွာ စည်ကားလှပေသည်။ ဤနေရာတွင် ညတာမရှိသကဲ့သို့ မီးရောင်စုံများ လင်းလက်နေပြီး လူတို့၏ ရယ်မောသံများမှာလည်း လေထုထဲ၌ ပျံ့လွင့်နေသည်။

နေ့ခင်းဘက်က ချင်ယွမ်ဖုန်း ဖန်တီးခဲ့သော ဖြစ်ရပ်မှာ လူတို့အကြားတွင် ကြီးကျယ်သော လှုပ်ခတ်မှု မဖြစ်စေခဲ့ဘဲ လူတို့သည် ကျောခိုင်းသွားသည်နှင့် မေ့လျော့သွားကြပုံ ရပေသည်။

သူသည် လူအုပ်ကြားထဲတွင် ရောနှောကာ နေရာတစ်ခုဆီသို့ ဦးတည်လျှောက်လှမ်းလာခဲ့သည်။

ထျန်းတူး မြို့တော်စောင့်တပ်၏ စည်းကမ်းချက်များအောက်တွင် မြို့သူမြို့သား အပေါင်းတို့သည် စနစ်တကျ ရှိကြပြီး တရားဥပဒေမဲ့သော လုပ်ရပ်များကို တွေ့ရခဲလှသည်။

သို့သော်လည်း ထိုတပ်သားများ မမြင်ကွယ်ရာ နေရာများတွင်မူ မှောင်မိုက်သော အရိပ်အယောင်များ ရှိနေဆဲပင်။ အလင်းရှိရာတွင် အမှောင်ရှိစမြဲဟူသော လောကနိယာမအတိုင်းပင် ဖြစ်ပေ၏။

ချင်ယွမ်ဖုန်းသည် ဈေးမြို့ငယ်တစ်ခုသို့ ရောက်ရှိလာခဲ့သည်။ အချို့သောဆိုင်များမှာ ညဘက်တွင် ဖွင့်လှစ်ထားဆဲဖြစ်သလို အချို့မှာမူ ယခုမှ စတင်ဖွင့်လှစ်နေကြခြင်း ဖြစ်သည်။

သူသည် စာပေနှင့် ပန်းချီကားများ ရောင်းချသော ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်သွားကာ -

"ဆိုင်ရှင်... ကျွန်တော့်ကို ပေါက်စီ အချို့ ပေးပါဦး" ဟု ဆိုလိုက်သည်။

ဆိုင်ရှင်ဖြစ်သူက ချင်ယွမ်ဖုန်းကို တစ်ချက် ကြည့်လိုက်ပြီး "မိတ်ဆွေ... ကျွန်တော်တို့ ဆိုင်က စာပေနဲ့ ပန်းချီကားတွေပဲ ရောင်းတာပါ၊ ပေါက်စီ မရောင်းပါဘူး" ဟု ပြောလာခဲ့သည်။

"ဒါပေမဲ့ ကျွန်တော်က ပေါက်စီပဲ လိုချင်တာ" ဟု ချင်ယွမ်ဖုန်းက တည်ငြိမ်စွာ ပြန်ပြောလိုက်၏။

"ကောင်းပါပြီ… ဘယ်နှစ်လုံး လိုချင်လဲ မိတ်ဆွေ။ ကျွန်တော် ဆွဲပေးပါ့မယ်" ဟု ဆိုင်ရှင်က စိတ်ပျက်လက်ပျက် အမူအရာဖြင့် ဆိုသည်။

"သုံးခုနဲ့ တစ်ဝက်" ဟု ချင်ယွမ်ဖုန်းက လက်သုံးချောင်း ထောင်ပြလိုက်သည်။

ဆိုင်ရှင်က ခေါင်းညိတ်လိုက်ကာ "အလုပ်သမား… ဒီဧည့်သည်ကို အထဲကို ခေါ်သွားပြီး ခေတ္တစောင့်ခိုင်းလိုက်စမ်း"

အစေခံတစ်ဦးမှာ ဖြည်းဖြည်းချင်း လျှောက်လာပြီး ချင်ယွမ်ဖုန်းကို နောက်ဖေးခြံဝင်းထဲသို့ ခေါ်ဆောင်သွားခဲ့သည်။ ချင်ယွမ်ဖုန်းနှင့် ဆိုင်ရှင်တို့၏ စကားပြောဆိုပုံမှာ လျှို့ဝှက်အချက်ပြ သင်္ကေတများသာ ဖြစ်ပေသည်။

ထို့နောက် အစေခံသည် ချင်ယွမ်ဖုန်းကို နောက်ဖေးတံခါးတစ်ခုဆီသို့ ခေါ်ဆောင်သွားပြီး တံခါးကို ဖွင့်ပေးလိုက်လေသည်။

ဤနေရာသည်လည်း ဈေးမြို့တစ်ခုပင် ဖြစ်သော်လည်း အပြင်ဘက်ရှိ ဈေးများနှင့် လုံးဝ ကွဲပြားလှသည်။ အပြင်ဘက်တွင် မီးရောင်များ လင်းထိန်ကာ စည်ကားနေသော်လည်း အတွင်းဘက်မှာမူ အမှောင်ထု လွှမ်းမိုးလျက် တိတ်ဆိတ်ငြိမ်သက်နေ၏။

ဤသည်မှာ ထျန်းတူး မြို့တော်၏ မှောင်ခိုဈေးကွက်ဖြစ်ပြီး အပြင်လောက၌ ဝယ်ယူ၍မရသော အရာများကို ဤနေရာတွင် ရှာဖွေနိုင်ပေသည်။ ယင်းကို 'သုံးခုနှင့် တစ်ဝက်' ဟု ခေါ်ဆိုကြသည်။

ချင်ယွမ်ဖုန်းသည် ကလေးဘဝကတည်းက ဤနေရာကို သိရှိခဲ့ခြင်းဖြစ်သည်။ တစ်ခါက သူသည် မိခင်နှင့်အတူ ညဈေးထွက်ရင်း လူချင်းကွဲသွားကာ ပန်းချီဆိုင်သို့ ရောက်ရှိသွားခဲ့ရာမှ ဆိုင်ရှင်နှင့် လျှို့ဝှက်အချက်ပြ

သူတစ်ဦးကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

နောက်ပိုင်းတွင် သူ အရွယ်ရောက်လာသောအခါ ကိုယ်တိုင် စမ်းသပ်ကြည့်ရာမှ ဤမှောင်ခိုဈေးကွက်၏ ကမ္ဘာသစ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းပင် ဖြစ်ပေ၏။

ချင်ယွမ်ဖုန်း ဈေးကွက်ထဲသို့ လှမ်းဝင်လိုက်သည်။

ဤနေရာရှိ လူအများစုမှာ ခေါင်းမြီးခြုံထားကြပြီး သူတို့၏ မျက်နှာအစစ်အမှန်ကို ထုတ်မပြလိုကြပေ။ ဤနေရာတွင် ရောင်းချသော ပစ္စည်းများတွင် ခိုးရာပါပစ္စည်းများ၊ ဂူသင်္ချိုင်းတူးသမားများ ယူဆောင်လာသော ပစ္စည်းများနှင့် သက်ရှိကျွန်များပင် ပါဝင်သည်။

ချင်ယွမ်ဖုန်းမှာမူ ထိုအရာများကို စိတ်မဝင်စားဘဲ 'ရှောင်လင်ထုံ' ဟု အမည်ရသော ဆိုင်ငယ်လေးသို့သာ တန်းတန်းမတ်မတ် သွားလိုက်သည်။ ဤဆိုင်၌ ရောင်းချသောအရာမှာ 'သတင်းအချက်အလက်' ပင် ဖြစ်၏။

ဆိုင်မှာ မကြီးမားလှဘဲ စားပွဲနောက်ကွယ်တွင် ဆန်းပြားသော ဝတ်စုံနှင့် ဆံပင်ပုံစံရှိသော လူတစ်ဦး ထိုင်နေသည်။

"မိတ်ဆွေ... ဘာများ သိချင်လဲ" ဟု ရှောင်လင်ထုံက သူ၏ ဝါထိန်နေသော သွားများကို ထုတ်ပြရင်း မေးလိုက်သည်။

ချင်ယွမ်ဖုန်းသည် စားပွဲတွင် ထိုင်လိုက်ပြီး အဆင့်မြင့် ဝိညာဉ်ကျောက်တုံး တစ်တုံးကို တင်လိုက်ကာ "ကောင်းကင်ဘုံသုဥ်း ' ဂူ ' အကြောင်းကို သိချင်တယ်" ဟု ဆိုလိုက်၏။

ရှောင်လင်ထုံက ချင်ယွမ်ဖုန်းကို ကြည့်ကာ ရယ်မောလိုက်ပြီး "ကောင်းကင်ဘုံသုဥ်း ' ဂူ ' ဆိုတာ မျိုးတုံးသွားတာ ကြာလှပြီ။

အဲ့ဒီအကြောင်း သတင်းအချက်အလက်ဆိုရင်တော့ အနည်းဆုံး ဒီ

လောက်တော့ ရှိရမယ်…" ဟု ပြောရင်း လက်ဆယ်ချောင်း ထောင်ပြလိုက်သည်။

ချင်ယွမ်ဖုန်းက လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ စားပွဲပေါ်တွင် အဆင့်မြင့် ဝိညာဉ်ကျောက်တုံး အခုနှစ်ဆယ် ပေါ်လာခဲ့သည်။

"ပြောတော့"

ထိုမျှ ရက်ရောသော ညွှန့်သည်ကို တွေ့လိုက်ရသဖြင့် ရှောင်လင်ထုံ မျက်မှောင်ကြုတ်သွားကာ - "လွန်ခဲ့တဲ့ သုံးနှစ်က ဝမ်တောင်တန်းမှာ ရှေးဟောင်းဂူသင်္ချိုင်း တစ်ခုကို တွေ့ခဲ့ကြတယ်။ အဲ့ဒီထဲမှာ လူတွေက ကြောက်မက်ဖွယ်ကောင်းတဲ့ ကောင်းကင်ဘုံသုဉ်း ' ဂူ ' ကို ရှာတွေ့ခဲ့ကြတာပဲ"

"လွန်ခဲ့တဲ့ သုံးနှစ်ကလား… သူတို့ အတော်လေး အောင့်အီးနိုင်ခဲ့တာပဲ" ဟု ချင်ယွမ်ဖုန်း စိတ်ထဲမှ ကြိတ်၍ ဆိုလိုက်သည်။

သူတို့သည် ထိုအဆိပ်ကို လွန်ခဲ့သော သုံးနှစ်ကတည်းက ရရှိခဲ့သော်လည်း သူ ဆေးနတ်ဘုရားဂိုဏ်းသို့ စစ်ဆေးရန် သွားသည့်အချိန်မှသာ အဆိပ်ခတ်ခဲ့ကြခြင်း ဖြစ်ပေရာ အတော်ပင် ယုတ်မာလှပေသည်။

"ဆက်ပြောပါဦး"

သို့သော် ရှောင်လင်ထုံက ဝိညာဉ်ကျောက်တုံးများကို ကြည့်ကာ မလုံလောက်သေးကြောင်း ဆိုလာခဲ့သည်။ ချင်ယွမ်ဖုန်း နှာခေါင်းတစ်ချက် ရှုံ့လိုက်မိ၏။

ဤသတင်းမှာ အလွန်ပင် ဈေးကြီးလှသော်လည်း တရားခံအစစ်ကို ရှာဖွေနိုင်မည်ဆိုပါက သူ ပေးချေရန် ဝန်မလေးပေ။

နောက်ထပ် အဆင့်မြင့် ဝိညာဉ်ကျောက်တုံး ဆယ်တုံးကို စားပွဲပေါ်သို့

တင်လိုက်ပြန်သည်။

"ကောင်းကင်ဘုံသုဉ်း ‘ ဂူ ’ ပေါ်ထွက်လာတာက လျှို့ဝှက်ချက်မို့လို့ လူအနည်းငယ်ပဲ သိကြတာ။

ထျန်းတူး မြို့တော်က မိသားစုကြီး သုံးစုလည်း ဒီထဲမှာ ပါဝင်ပတ်သက်နေတယ်" ဟု ရှောင်လင်ထုံက ပြုံးလျက် ဆိုသည်။

"ဆက်ပြောစမ်း" ချင်ယွမ်ဖုန်းက နောက်ထပ် ဝိညာဉ်ကျောက်တုံး ဆယ်တုံး ထပ်တင်လိုက်ပြန်၏။

"ပထမဆုံးအနေနဲ့ ရှန်မိသားစုက ကောင်းကင်ဘုံသုဉ်း ‘ ဂူ ’ ကို စျေးကြီးပေးပြီး ဝယ်ယူခဲ့တယ်။ မင်း သိတဲ့အတိုင်းပဲ၊ ဒီအဆိပ်က လူတစ်ယောက်ရဲ့ ပါရမီ၊ ကျင့်စဉ်နဲ့ အသက်ဇီဝကိုပါ တဖြည်းဖြည်း တိုက်စားသွားနိုင်တာ။ ဘယ်သူမှ မရိပ်မိအောင် ရန်သူကို အပြတ်ရှင်းနိုင်တာမို့လို့ စျေးကတော့ မိုးပျံနေတာပေါ့" ဟု ရှောင်လင်ထုံက တဟဲဟဲ ရယ်ရင်း ဆိုလေသည်။

"ရှန်မိသားစုလား" ချင်ယွမ်ဖုန်း မျက်မှောင်ကြုတ်သွားမိသည်။ "တခြားရော ဘယ်သူရှိသေးလဲ"

"အဲ့ဒီနောက်ပိုင်း ဘာဖြစ်သွားလဲဆိုတာတော့ ကျွန်တော်တို့လည်း မသိတော့ဘူး။ ကျွန်တော်တို့က သတင်းရောင်းစားတယ်ဆိုပေမဲ့ နတ်ဘုရားတွေမှ မဟုတ်တာပဲ" ဟု ရှောင်လင်ထုံက ပြောကြားလိုက်လေသတည်း။

***

## အခန်း (၁၀၆)

## ရှန်ယွဲ့

*

ချင်ယွမ်ဖုန်းသည် ခေါင်းညိတ်ဝန်ခံရင်း နောက်ဆုံးတွင် ဝိညာဉ်ကျောက်တုံးဆယ်တုံးကို ထုတ်ပေးလိုက်လေသည်။ "ရှန်မိသားစုထဲက ဘယ်သူက 'ကောင်းကင်ဘုံသုဉ်း ဂူ' ကို ဝယ်ယူခဲ့တာလဲ"

"ရှန်ယွဲ့ပါ" ဟု ရှောင်လင်ထုံက ထိုအမည်နာမကို ဖြည်းညှင်းစွာ ဆိုလာ၏။

"သူဖြစ်နေတာပဲ" ချင်ယွမ်ဖုန်းသည် ချက်ချင်းပင် မတ်တတ်ထရပ်ကာ ထိုနေရာမှ ထွက်ခွာခဲ့တော့သည်။

ချင်ယွမ်ဖုန်းသည် အမှောင်ဈေးကွက်မှ ထွက်ခွာလာပြီးနောက် ထျန်းတူးပြည်နယ်မြို့တော်ရှိ အင်အားကြီးမိသားစုသုံးစုထဲမှ တစ်ခုဖြစ်သော ရှန်မိသားစုအိမ်တော်သို့ ဦးတည်လိုက်လေသည်။

ရှန်မိသားစုသည် ချင်မိသားစုကဲ့သို့ပင် ရေသောက်မြစ်နက်ရှိုင်းလှသော ဩဇာတိက္ကမနှင့် ပြည့်စုံသည့် မိသားစုကြီးတစ်ခု ဖြစ်ပေသည်။

သို့သော် ယင်းတို့မှာ သာမန်လူသားများနှင့် အဆင့်နိမ့်သိုင်းပညာရှင်များထံမှ ဝိညာဉ်ကျောက်တုံးများကို အမြတ်ထုတ်ရှာဖွေကြသည့် လောကီအင်အားစုများသာ ဖြစ်ကြချေသည်။

ဆေးနတ်ဘုရားဂိုဏ်းနှင့် ဝိညာဉ်သားရဲထိန်းကျောင်းရေးဂိုဏ်းတို့ကဲ့သို့

သော ဂိုဏ်းကြီးများမှာမူ လောကီရေးရာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိရာ သာမန်လူတို့ထံမှ ဝိညာဉ်ကျောက်တုံးများ ရယူစုဆောင်းခြင်း မရှိကြပေ။

မြို့တော်အတွင်း၌ နန်းတော်ကြီးမှာ အကျယ်ဝန်းဆုံးနှင့် အခမ်းနားဆုံးဖြစ်ကာ မြို့တောင်ဘက်တွင် တည်ရှိပြီး ပထဝီအနေအထား ကောင်းမွန်လှပေသည်။

နန်းတော်မှလွဲလျှင် အကျယ်ဝန်းဆုံးမှာ မိသားစုကြီးသုံးစု၏ အိမ်တော်များဖြစ်ကြရာ အရှေ့ဘက်တွင် ချင်မိသားစု၊ အနောက်ဘက်တွင် ရှန်မိသားစုနှင့် မြောက်ဘက်တွင် ရှာမိသားစုတို့ အသီးသီး အခြေစိုက်ထားကြသည်။

ချင်ယွမ်ဖုန်းသည် ရှန်အိမ်တော်သို့ သွားနေစဉ်အတွင်း ရှောင်လင်ထုံထံမှ သတင်းအချက်အလက်အချို့ကို ရရှိခဲ့၏။

'ကောင်းကင်ဘုံသုဉ်း ဂူ' ကို လွန်ခဲ့သောသုံးနှစ်က ဝမ်တောင်တန်းတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရှန်မိသားစုမှ ရှန်ယွဲ့က ကြီးမားသော တန်ဖိုးတစ်ခုဖြင့် ဝယ်ယူခဲ့ခြင်း ဖြစ်ပေရာသည်။

ယခုအခါ ထို 'ကောင်းကင်ဘုံသုဉ်း ဂူ' မှာ ချင်ယွမ်ဖုန်း၏ ကိုယ်တွင်း၌ တည်ရှိနေကာ သူ့အား အဆုံးမရှိသော ဒုက္ခများ ပေးနေခဲ့ပြီဖြစ်သဖြင့် ရှန်ယွဲ့အနေဖြင့် သံသယဖြစ်ဖွယ်ရာမှ လွတ်ကင်းရန် ခဲယဉ်းလှသည်။

ထို့ပြင် ချင်ယွမ်ဖုန်းနှင့် ရှန်ယွဲ့တို့အကြား၌လည်း ရှုပ်ထွေးလှသော ပတ်သက်မှုအချို့ ရှိခဲ့ဖူးလေသည်။ ၎င်းတို့မှာ အသက်ဆယ်နှစ်ခန့် ကွာခြားကြရာ ချင်ယွမ်ဖုန်း အသက်ဆယ့်ခြောက်နှစ်တွင် ရှန်ယွဲ့မှာ အသက်နှစ်ဆယ့်ခြောက်နှစ် ရှိနေပြီဖြစ်၏။

၎င်းတို့နှစ်ဦးမှာ လမ်းပေါ်၌ စတင်တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

ရှန်ယွဲ့မှာ ရှန်မိသားစု၏ အသည်းကျော် သမီးပျိုဖြစ်သဖြင့် အလိုလိုက်ခြင်း ခံရသူဖြစ်ပေရာ ချင်ယွမ်ဖုန်း၏ ကျော်ကြားမှုကို ကြားသိရပြီးနောက် သူ့အား အလွန်တွေ့ဆုံလိုခဲ့သည်။

တစ်နေ့တွင် ၎င်းတို့နှစ်ဦး လမ်း၌ဆုံတွေ့ကြရာ ရှန်ယွဲ့က ချင်ယွမ်ဖုန်းအား အလစ်အငိုက် တိုက်ခိုက်ခဲ့သော်လည်း ထိုစဉ်က အထွတ်အထိပ်ရောက်နေသော ချင်ယွမ်ဖုန်းမှာ သူမကို ကွက်ကွက်ကွင်းကွင်း အနိုင်ယူနိုင်ခဲ့လေသည်။

ထိုအချိန်မှစ၍ ရှန်ယွဲ့မှာ ချင်ယွမ်ဖုန်းနောက်သို့ တကောက်ကောက်လိုက်ကာ "ခင်ပွန်း" ဟု ထပ်တလဲလဲ ခေါ်ဝေါ်ခဲ့တော့သည်။

အကြောင်းမှာ သူမကို အနိုင်ယူနိုင်ပြီး သူမ၏ရင်ကို ခုန်လှုပ်စေနိုင်သူမှာ သူမ၏ခင်ပွန်းသာ ဖြစ်ရမည်ဟု ရှန်ယွဲ့က ဆိုခဲ့ဖူးသောကြောင့် ဖြစ်၏။

ရှန်မိသားစုနှင့် ချင်မိသားစုတို့မှာလည်း ဤအခြေအနေကို သဘောကျခဲ့ကြပေသည်။ အကယ်၍ ၎င်းတို့နှစ်ဦး ပေါင်းဖက်ခဲ့ပါက မိသားစုနှစ်ခုမှာ ပိုမိုအင်အားတောင့်တင်းလာမည် ဖြစ်သောကြောင့်ပင်။

သို့သော် ချင်ယွမ်ဖုန်း ကျင့်စဉ်အဆင့်များ ဆုံးရှုံးသွားပြီးနောက်တွင်မူ ရှန်ယွဲ့ထံမှ မည်သည့်သတင်းမျှ မကြားရတော့ချေ။

ချင်ယွမ်ဖုန်းသည် ရှန်အိမ်တော်အပြင်ဘက်သို့ ရောက်ရှိလာပြီး တံတိုင်းပေါ်သို့ သာသာယာယာ လွှားခနဲ ခုန်တက်လိုက်သည်။ သူသည် ရှန်အိမ်တော်သို့ ယခင်က ရောက်ဖူးသဖြင့် ရှန်ယွဲ့၏ နေအိမ်နေရာကို ကောင်းစွာသိရှိထား၏။

ရှန်ယွဲ့မှာ တစ်ချိန်က ချင်ယွမ်ဖုန်း၏ အိပ်မက်ထဲမှ နတ်မိမယ်လေး ဖြစ်

ခဲ့ဖူးသော်လည်း ယခုမူ အရာအားလုံး ပြောင်းလဲခဲ့ပြီ ဖြစ်သည်။

ချင်ယွမ်ဖုန်းသည် ရှန်မိသားစု ကိုယ်ရံတော်များ၏ ကင်းလှည့်မှုကို ရှောင်ကွင်းကာ ရှန်ယွဲ့တစ်ဦးတည်း နေထိုင်ရာ တိတ်ဆိတ်သော ဝန်းငယ်လေးသို့ ရောက်ရှိလာခဲ့၏။

အခန်းတွင်း၌ မီးလင်းနေသေးသည်ကို ထောက်ဆ၍ ရှန်ယွဲ့ အိပ်မပျော်သေးကြောင်း သိနိုင်ပေသည်။

"ဘယ်သူလဲ" ရှန်ယွဲ့မှာ ထိုအချိန်တွင် ရေချိုးကန်အတွင်း၌ ရှိနေခြင်းဖြစ်ပြီး တံခါးဝရှိ လူရိပ်ကို သတိပြုမိသည်နှင့် ဘေးရှိအဝတ်အစားများကို ချက်ချင်း ကောက်ယူဝတ်ဆင်လိုက်လေသည်။

"မိတ်ဆွေဟောင်းတစ်ယောက် ရောက်လာတာပါ... မင်းက ငါ့ကို ဝင်ထိုင်ဖို့ မဖိတ်ခေါ်တော့ဘူးလား" ချင်ယွမ်ဖုန်းက သက်ပြင်းတစ်ချက်ချရင်း ဆိုလိုက်၏။

ထိုရင်းနှီးနေသော အသံကို ကြားလိုက်ရသဖြင့် ရှန်ယွဲ့မှာ တုန်လှုပ်သွားရသည်။ သို့သော် ချင်ယွမ်ဖုန်းမှာ တံခါးကို တွန်းဖွင့်ကာ အထဲသို့ တိုက်ရိုက်ဝင်လာခဲ့ပြီ ဖြစ်သည်။

၎င်းတို့နှစ်ဦး မျက်လုံးချင်းဆုံမိကြရာ ချင်ယွမ်ဖုန်းအနေဖြင့် အနည်းငယ်စိတ်အနှောင့်အယှက် ဖြစ်သွားရ၏။ ရှန်ယွဲ့တစ်ယောက် ဤအချိန်၌ ရေချိုးနေလိမ့်မည်ဟု သူ မထင်မှတ်ထားခဲ့ပေ။

ရှန်ယွဲ့မှာ အဝတ်အစားများ ဝတ်ဆင်ထားသော်လည်း အောက်ခံအဝတ်အစားများမှာ ဟာလာဟင်းလင်း ဖြစ်နေသည့်အပြင် ရေစိုနေသဖြင့် သူမ၏ ကိုယ်လုံးကိုယ်ပေါက်မှာ အထင်အရှား ပေါ်လွင်နေခဲ့သည်။

လေထုမှာ ခဏမျှ တိတ်ဆိတ်ကာ ရှုပ်ထွေးသွားလေသည်။ "ငါ ဘာမှ မ

မြင်လိုက်ပါဘူး" ချင်ယွမ်ဖုန်းက တည်တည်ငြိမ်ငြိမ်ပင် ကျောခိုင်းလိုက်ရင်း ဆိုလိုက်၏။

ရှန်ယွဲ့၏ မျက်နှာမှာ ညှိုးငယ်သွားကာ "မတွေ့ရတာ ကြာပြီနော် ယွမ်ဖုန်း" ဟု ဆိုရှာသည်။

ချင်ယွမ်ဖုန်း၏ ရင်ထဲ၌ တုန်လှုပ်သွားရ၏။ ရှန်ယွဲ့နှင့် သူ၏ကြား၌ မည်သည့်အရာမျှ ပြန်လည်မဖြစ်နိုင်တော့သော်လည်း သူမက သူ့အား ဤကဲ့သို့ စိမ်းစိမ်းကားကား ခေါ်ဝေါ်လိုက်သည်ကို ကြားရသောအခါ စိတ်ထဲ၌ တစ်ခုခု ဆုံးရှုံးသွားသကဲ့သို့ ခံစားလိုက်ရပေသည်။

"အင်း... မတွေ့ရတာ ကြာပြီပဲ၊ ငါ အခုထိ ရှင်သန်နေသေးတာကို မင်း ထူးဆန်းနေလား" ချင်ယွမ်ဖုန်းက မေးလိုက်၏။

"ယွမ်ဖုန်း... ငါ... င့ါမှာ တခြားရွေးချယ်စရာ မရှိခဲ့လို့ပါ" ရှန်ယွဲ့က ဝမ်းနည်းပန်းနည်း ဆိုလာသည်။

ချင်ယွမ်ဖုန်းသည် ရုတ်တရက် လှည့်ကြည့်လိုက်ရာ သူ၏မျက်လုံးများမှာ နီရဲနေခဲ့ပြီ ဖြစ်၏။

"တကယ်ပဲ မင်း လုပ်ခဲ့တာလား"

ရှန်ယွဲ့မှာ ချင်ယွမ်ဖုန်း၏ ပုံစံကြောင့် လန့်ဖျန့်သွားရသည်။ သူမ၏ မှတ်ဉာဏ်ထဲ၌ ချင်ယွမ်ဖုန်းမှာ အမြဲတစေ ယုံကြည်မှုအပြည့်နှင့် ဝင့်ကြွားနေသူဖြစ်ရာ ဤကဲ့သို့သော ပုံစံမျိုးကို သူမ တစ်ခါမျှ မမြင်ဖူးခဲ့ချေ။

"နင့်ရဲ့ ကျင့်စဉ်အစွမ်းတွေ ဆုံးရှုံးသွားတုန်းက ငါ နင်ဆီကို လာခဲ့ချင်ပေမယ့် အဲ့ဒီအချိန်မှာ င့ါမိသားစုက နင်နဲ့တွေ့ဖို့ ခွင့်မပြုခဲ့ဘူး၊ ပြီးတော့ ငါလည်း..."

"ငါ ပြောနေတာ အဲ့ဒီအကြောင်းမဟုတ်ဘူးဆိုတာ မင်း သိပါတယ်" ချင်

ယွမ်ဖုန်းက ခေါင်းခါရင်း ဆိုလိုက်သည်။ "ငါက အားအင်ချိနဲ့သူတစ်ယောက် ဖြစ်သွားခဲ့ပြီဆိုတော့ ရှန်မိသားစုက ငါနဲ့ ပတ်သက်ဖို့ ခွင့်မပြုတာကို ငါ နားလည်ပါတယ်"

"ဒါဆို... နင်ဘာကို ပြောချင်တာလဲ၊ ငါ ဘာလုပ်ခဲ့လို့လဲ" ရှန်ယွဲ့က မျက်နှာငယ်လေးဖြင့် မေးလာသည်။

"မင်း တကယ်ပဲ မသိဘူးလား" ချင်ယွမ်ဖုန်းက မျက်မှောင်ကြုတ်လိုက်၏။ ယခုအချိန်တွင်မူ သူသည် ရှန်ယွဲ့ကို လုံးဝ အကဲခတ်၍ မရတော့ချေ။

"ငါ မသိဘူး" ရှန်ယွဲ့က စိုစွတ်နေသော ဆံပင်များ မျက်နှာပေါ်သို့ ကျနေလျက်နှင့် ခေါင်းခါပြရှာသည်။

ချင်ယွမ်ဖုန်းက သက်ပြင်းချရင်း "လွန်ခဲ့တဲ့ သုံးနှစ်က မင်း 'ကောင်းကင်ဘုံသုဥ်း ဂူ' ကို ဝယ်ခဲ့တယ် မဟုတ်လား" ဟု ဆိုလိုက်၏။

ရှန်ယွဲ့က ခေါင်းညိတ်ကာ "ဟုတ်တယ်... ငါ အဲ့ဒါကို ဝယ်ခဲ့တာ မှန်ပါတယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ ငါ ပြန်ရောင်းလိုက်လို့ အမြတ်အစွန်းတောင် အများကြီး ရခဲ့သေးတယ်" ဟု ပြန်ဖြေလာသည်။

"ပြန်ရောင်းလိုက်တယ် ဟုတ်လား" ချင်ယွမ်ဖုန်း စိတ်သက်သာရာ ရသွား၏။ ဤကိစ္စတွင် ရှန်ယွဲ့နှင့် မပတ်သက်ပါက အကောင်းဆုံးပင် ဖြစ်ပေလိမ့်မည်။

"ဘယ်သူ့ကို ရောင်းလိုက်တာလဲ"

"ချင်းဖုန်းမျှော်စင်ရဲ့ ပိုင်ရှင်ကိုပါ" ရှန်ယွဲ့က ချက်ချင်းပင် ဖြေလိုက်ပြီး "ဘာဖြစ်လို့လဲ... ဘာလို့ ဒီအကြောင်းတွေကို လာမေးနေရတာလဲ" ဟု ပြန်မေးလာသည်။

ချင်ယွမ်ဖုန်းက ခါးသီးစွာ ရယ်မောလိုက်ရင်း "ဒါဆိုရင်... ငါ့ရဲ့ ကျင့်စဉ်တွေနဲ့ ပါရမီတွေ ဘယ်လိုကြောင့် ဆုံးရှုံးသွားရတယ်လို့ မင်း ထင်နေတာလဲ" ဟု ဆိုလိုက်လေသည်။

ရှန်ယွဲ့မှာ အံ့အားသင့်သွားကာ ပါးစပ်ကို လက်ဖြင့် အုပ်လိုက်မိ၏။ "ဒါဆို... နင်က 'ကောင်းကင်ဘုံသုဉ်း ဂူ' ရဲ့ အဆိပ်မိခဲ့တာလား"

ချင်ယွမ်ဖုန်းက ခေါင်းညိတ်ကာ "ဟုတ်တယ်... ဒါကြောင့်လည်း ငါက အမှိုက်ကောင်တစ်ယောက် ဖြစ်သွားပြီး မင်းရဲ့မိသားစုက ငါ့အနားကို မင်း အလာမခံတော့တာပေါ့"

ရှန်ယွဲ့မှာ အလွန်တရာ တုန်လှုပ်သွားရသလို အပြစ်မကင်းသကဲ့သို့လည်း ခံစားလိုက်ရသည်။ သူမကိုယ်တိုင်က ထို 'ဂူ' ကို ဝယ်ယူခဲ့ခြင်းဖြစ်ရာ ချင်ယွမ်ဖုန်း၏ ကံကြမ္မာ ဆိုးရွားသွားမှုတွင် သူမ၌ သွယ်ဝိုက်သော တာဝန်ရှိနေသည်ဟု ဆိုနိုင်ပေသည်။

"ယွမ်ဖုန်း... ငါ တောင်းပန်ပါတယ်၊ ဒီလိုတွေ ဖြစ်လာလိမ့်မယ်လို့ ငါ မထင်ထားခဲ့ဘူး..." ရှန်ယွဲ့၏ မျက်ရည်များမှာ တားမရ ဆီးမရ ကျဆင်းလာခဲ့တော့သည်။

"ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ပါနဲ့တော့၊ ဖြစ်ပျက်ခဲ့သမျှက ပြီးသွားပါပြီ၊ မင်းနဲ့ မပတ်သက်ဘူးဆိုတာ သိလိုက်ရတော့လည်း ငါ စိတ်အေးသွားပါပြီ" ချင်ယွမ်ဖုန်း၏ အသံမှာ ပျော့ပြောင်းသွား၏။

"ကဲ... ငါ မင်းကို နောက်ထပ် မနှောင့်ယှက်တော့ပါဘူး၊ သွားတော့မယ်" ချင်ယွမ်ဖုန်းက တည်ငြိမ်စွာ ဆိုလိုက်ပြီး ရှန်ယွဲ့အား နောက်ဆုံးတစ်ချက် ကြည့်ကာ ထွက်ခွာသွားလေတော့သည်။

ရှန်ယွဲ့မှာ တံခါးဝအထိ ပြေးလိုက်သွားသော်လည်း ချင်ယွမ်ဖုန်းမှာ

ပျောက်ကွယ်သွားပြီဖြစ်ရာ သူမသည် စိတ်ပျက်အားငယ်စွာဖြင့် ကြမ်းပြင်ပေါ်သို့ ခွေယိုင်ကျသွားတော့လေသတည်း။

***